## နုံသမာဓိကောင်စီ

## နုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

## နုံအဖွဲ့

၂၀၁၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၂၀/၂၀၁၄)

| | |
|---|---|
| ဦးတင့်ဆန်း(ပိုင်ရှင်)၊<br>မြန်မာအာရှအလူမီနီယမ်<br>တပ်ဆင်ထုတ်လုပ်ရေးကုမ္ပဏီ၊<br>အမှတ်(၆/က)၊နတ်ချောင်းကွန်ဒို၊<br>ဓမ္မဒါနလမ်း၊ တာမွေမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးနောင်နောင်ဦး၊ ဦးသူရိန်ဝင်းသော်၊<br>ဦးရဲထွန်းလှိုင်၊ ဦးဟိန်းထက်အောင်၊<br>အမှတ်(၇၉၅)၊ ၁၈/C၊ ရွှေမြိုင်လမ်း၊<br>ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဓမ္မဒါနလမ်း၊ နတ်ချောင်းကွန်ဒို၊ အမှတ်(၆/က) ရှိ မြန်မာအာရှအလူမီနီယမ် တပ်ဆင်ထုတ်လုပ်ရေးကုမ္ပဏီ ပိုင်ရှင် ဦးတင့်ဆန်းနှင့် အလုပ်သမား ဦးရဲထွန်းလှိုင်ပါ(၄)ဦးတို့ဖြစ်ပွားသော်အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ နုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ နုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၂၈/၂၀၁၄)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ရပ်စဲမှုနစ်နာကြေးနှင့် လုပ်ခကျန်ငွေ တောင်းဆိုခြင်းမှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် အဆိုပါခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူများမှအောက်ပါကောက်ချက်အပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည် -

**ကောက်ချက်အမှတ်(၁)။** တောင်းဆိုသူ အလုပ်သမား ဦးနောင်နောင်ဦး၊ ဦးသူရိန်ဝင်းသော်၊ ဦးရဲထွန်းလှိုင်၊ ဦးဟိန်းထက်အောင်တို့၏ လစာကျန်ငွေ၊ ရက်ပေါင်ကြေး၊ OT ကျန်ငွေ၊ အလုပ်ရပ်စဲမှုနစ်နာကြေးတို့ တောင်းခံခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** တောင်းဆိုသူအလုပ်သမား ဦးရဲထွန်းလှိုင်နှင့် ဦးဟိန်းထက်အောင်တို့သည် လုပ်ခကျန်ငွေရရှိပြီးဖြစ်သဖြင့် လုပ်သက်အလိုက် OT မပါ နောက်ဆုံးထုတ်လစာဖြင့် အလုပ်ထုတ်နစ်နာကြေးပေးရန်နှင့် ဦးနောင်နောင်ဦးနှင့် ဦးသူရိန်ဝင်းသော်တို့အား အောက်ပါအတိုင်း လုပ်ခကျန်ငွေနှင့် လုပ်သက်အလိုက် OT မပါ နောက်ဆုံးထုတ်လစာဖြင့် အလုပ်ထုတ်နစ်နာကြေးပေးရန် ဆုံးဖြတ်သည်။

| စဉ် | အမည် | လုပ်ခကျန်ငွေ | အလုပ်ထုတ်နစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ဦးရဲထွန်းလှိုင် | - | ၁၁၇၀၀၀ိ/- | ၁၁၇၀၀၀ိ/- |
| ၂။ | ဦးဟိန်းထက်အောင် | - | ၁၁၇၀၀၀ိ/- | ၁၁၇၀၀၀ိ/- |
| ၃။ | ဦးနောင်နောင်ဦး | ၂၆၀၀၀ိ/- | ၁၀၄၀၀၀ိ/- + ၁၀၄၀၀၀ိ/- (အလုပ်ထုတ်) (နို့တစ်ကြေး) | ၂၃၄၀၀၀ိ/- |
| ၄။ | ဦးသူရိန်ဝင်းသော် | ၂၆၀၀၀ိ/- | ၁၀၄၀၀၀ိ/- + ၁၀၄၀၀၀ိ/- (အလုပ်ထုတ်) (နို့တစ်ကြေး) | ၂၃၄၀၀၀ိ/- |

၅။ ဤခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် ၁၅.၇.၂၀၁၄ ရက်နေ့တွင် စုံညီရုံးထိုင်၍ တောင်းဆိုသူ၏ကိုယ်စားလှယ်နှင့် တောင်းဆိုခြင်းခံရသူများ၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသောစာရွက်စာတမ်းအထောက်အထားများ၊ စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်ရေးဆွဲပြီးဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ အလုပ်သမားများဖြစ်သည့် ဦးရဲထွန်းလှိုင်ပါ(၄)ဦးနစ်နာချက်များနှင့်ပတ်သက်၍ဦးနောင်နောင်ဦးပါ(၂)ဦးအား လုပ်ခကျန်ငွေအသီးသီးထုတ်ပေးရန်နှင့် ဦးရဲထွန်းလှိုင်နှင့် ဦးနောင်နောင်ဦးပါ(၄)ဦးအား အလုပ်ထုတ်နစ်နာကြေး အသီးသီးထုတ်ပေးရန် ဆုံးဖြတ်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းရှင်

ဦးတင့်ဆန်းမှရန်ကုန်တိုင်းဒေသကြီး၊ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်မှာ အလုပ်ရှင်မှနစ်နာကြောင်းတင်ပြခြင်းဖြစ်ပါသည်။

သုံးသပ်ချက်အမှတ်(၁)။

(က) အလုပ်သမားများအား အလုပ်ခန့်ထားရာတွင် နှစ်ဖက်သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း၊အလုပ်ရှင်(သို့မဟုတ်)၎င်း၏ကိုယ်စားလှယ်မှ အလုပ်သမား(၄)ဦးအားလုပ်ငန်းတာဝန်၊လုပ်ငန်းစည်းကမ်း၊ ခံစားခွင့် စသည်တို့နှင့်ပတ်သက်၍ နှုတ်ဖြင့်ရှင်းလင်းပြခြင်း၊ တစ်စုံတစ်ရာဆောင်ရွက်ထားခြင်း မရှိသည်ကို တွေ့ရသည်။ လုပ်ရိုးလုပ်စဉ်အတိုင်း သာမာန်အလုပ်ခန့်ထားခြင်းနှင့်ပတ်သက်၍ ပီပီပြင်ပြင် ခန့်ထားခြင်းမရှိကြောင်း တွေ့ရသည်။လုပ်ခလစာဆိုရာတွင် နေ့စားအလုပ်သမားဖြစ်သော်လည်း (၁၀)ရက်တစ်ကြိမ်ငွေချေသည့်စနစ် ကျင့်သုံးခြင်း၊ အချိန်ပိုလုပ်ကိုင်ရလျှင်လည်း အချိန်ပိုလုပ်ခသဘောမဟုတ်တဲ့ မုန့်ဖိုးပေးခြင်း၊ အလုပ်ဆင်းသည့်ရက်တွင်လုပ်ခရသော်လည်း အလုပ်ပျက်ကွက်သည့်ရက်တွင် အလုပ်ဆင်းသည့် ရက်ထဲမှ ပြန်လည်ဖြတ်တောက်ခြင်း၊ သို့ရာတွင် အလုပ်ပျက်ကွက်မှုအတွက် ဆေးလက်မှတ်ပြလျှင်မဖြတ်ခြင်း၊နိုင်ငံတော်တရားဝင်ရုံးပိတ်ရက်များတွင် လုပ်ခလစာအား(၁)ဆခွဲပေးခြင်းတို့ကြောင့် နေ့စားအလုပ်သမားအဖြစ်ပီပြင်မှု မရှိသလို၊အမြဲတမ်းအလုပ်သမားကဲ့သို့ ခံစားခွင့်များကို မပေးသဖြင့် အမြဲတမ်းဝန်ထမ်းအဖြစ်လည်း သတ်မှတ်၍မရပါ။

(ခ) အလုပ်ဆင်း၊ အလုပ်တက် နေ့စဉ်မှတ်တမ်းကို အလုပ်သမားများကိုယ်တိုင် လက်မှတ်ထိုးသည့်စနစ်ကို ကျင့်သုံးကြောင်းတွေ့ရသည်။ အလုပ်တက်၊ အလုပ်ဆင်းမှတ်တမ်းကိုအခြေခံ၍ လုပ်အားခပေးကြောင်းတွေ့ရသည်။

(ဂ) အလုပ်သမားများ အလုပ်စတင်ဝင်ရောက်ခြင်း၊ အလုပ်ခွင်မှအလုပ်ထွက်ခြင်း စသည်များကိုလည်း လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်ခြင်းမရှိဘဲ လက်လွတ်စပယ်ဆောင်ရွက်ထားသည်ကိုတွေ့ရသည်။ ယခင်လုပ်သား (၄)ဦးအနက်အလုပ်သမား ဦးနောင်နောင်ဦးသည်သာမာန်အလုပ်ကြမ်းသမားမဟုတ်ဘဲ အလူမီနီယမ်ကျွမ်းကျင်လုပ်သားတာဝန် ထမ်းဆောင်နေကြောင်း တွေ့ရသည်။ ထို့ကြောင့် လုပ်ငန်းရှင်မှ လုပ်သားများ လုပ်ငန်းခွင်တည်မြဲရေးကို လစ်လျူရှုကာလက်လွတ်စပယ်တစ်စုံတစ်ရာ သတိ

ပေးမှတ်တမ်းတင်ခြင်းမရှိဘဲ အလုပ်ထုတ်ခဲ့ခြင်းသည့်လုပ်သားများ၏ လုပ်ငန်းခွင် တည်မြဲရေးကို ထိခိုက်ကြောင်းသုံးသပ်သည်။

(ဃ) အလုပ်ရှင်ဘက်မှယင်းအလုပ်သမား(၄)ဦးသည်အကြိမ်ကြိမ် အလုပ်ပျက်ရက်များ၍၎င်း၏လုပ်ငန်းထိခိုက်မှုကြောင့်(၉.၄.၂၀၁၄) ရက်နေ့တွင် အလုပ်ထုတ်လိုက်ရကြောင်း ဖော်ပြသော်လည်း ယခင်ကာလများက အလုပ်ပျက်ကွက်မှုကို အလုပ်ဆင်းဇယားဖြင့် သက်သေခံတင်ပြနိုင်ခြင်းမရှိဘဲ ၂၀၁၄ ခုနှစ်၊မတ်လ၊ တတိယ ၁၀ ရက်ပတ်နှင့် ၂၀၁၄ ခုနှစ်၊ ဧပြီလ ပထမ ၁၀ ရက်ပတ်အလုပ်ဆင်းဇယားများကို သက်သေခံတင်ပြနိုင်ခြင်းသည် ယင်းအလုပ်သမားများ အကြိမ်ကြိမ် အလုပ်ပျက်ကွက်ကြောင်း ခိုင်လုံသော သက်သေခံတင်ပြနိုင်ခြင်းမရှိပါ။

(င) အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေး၊ အလုပ်ခန့်ထားရေး၊ ကျင့်ထုံးအစဉ်အလာအတိုင်း ဆောင်ရွက်ခဲ့မှုမရှိခြင်း၊ အလုပ်သမားများ၏ ပျက်ကွက်မှုကို ခိုင်မာသောသက်သေတင်ပြနိုင်မှုမရှိခြင်း၊ ယခင်ကလည်း နှုတ်ဖြင့်သတိပေးခြင်း၊ စာဖြင့်မှတ်တမ်းတင် သတိပေးခြင်း စသည်ဖြင့်မရှိဘဲ လုပ်ခငွေကြေးမှဖြတ်တောက်မှုကို စောဒကတက်သည့် အလုပ်သမား(၄)ဦးအား ဤတစ်ကြိမ်တည်းနှင့် အလုပ်တက်ရက်မကြာခဏပျက်ကွက်သည်ဟုတစ်ပြိုင်တည်းထုတ်ခြင်းသည် ကျန်လုပ်သားများ၏ လုပ်ငန်းခွင်တည်မြဲရေးကို တစ်စုံတစ်ရာခြိမ်းခြောက်သည့် အသွင်ဆောင်ယူကြောင်း တွေ့ရသည်။ အလုပ်သမားများ၏ သက်သေခံချက်အရ မန်နေဂျာအဆင့်မှ လုပ်သားအဆင့်အထိ မကြာခဏအလုပ်ထွက်ကြောင်းတွေ့ရှိရခြင်းသည် အလုပ်သမားများ၏ လုပ်ငန်းခွင်တည်မြဲရေးကို စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း မီးမောင်းထိုးပြသည့်သဘောဆောင်သည်။

(စ) အလုပ်သမား ရဲထွန်းလှိုင်နှင့် ဟိန်းထက်အောင်တို့နှစ်ဦးမှာ ၁၂.၃.၂၀၁၄ ရက်နေ့နှင့် ၂၈.၂.၂၀၁၄ ရက်နေ့တို့တွင် အလုပ်စတင်ဝင်ခဲ့သဖြင့်လုပ်သက်(၂)လခန့်သာရှိသည့်လုပ်သားများဖြစ်ကြောင်း တွေ့ရှိရသည်။ ယခင်သာဓကနှင့် လက်ရှိအလုပ်ခန့်ထားရေး မူဝါဒများအရ လုပ်သက်(၃)လမပြည့်သည့် အလုပ်သမားများအားအလုပ်ထုတ်နစ်နာကြေးခံစားစေရန်မသင့်ဟု ယူဆသည်။

(ဆ) အလုပ်သမားနောင်နောင်ဦးနှင့် သူရိန်ဝင်းသော်တို့မှာ လုပ်သက်(၆)လကျော်ဖြစ်ပြီး အကြောင်းပြချက်တစ်ခုဖြင့် တစ်ကြိမ်

တည်းအလုပ်ထုတ်ခံရခြင်းသည် ၎င်းတို့အတွက် နစ်နာကြေးခံစားခွင့် ရှိသင့်သည်ဟု ယူဆသည်။

(ဓ) အလုပ်သမား သူရိန်ဝင်းသော်နှင့် နောင်နောင်ဦးတို့၏ ၁.၄.၂၀၁၄ မှ အလုပ်မထုတ်မီအချိန်အထိသက်သေခံသည့်မှတ်တမ်းများအရ အလုပ်ဆင်းရက်မှာ သူရိန်ဝင်းသော် (၅)ရက်၊ နောင်နောင်ဦး (၄)ရက်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ထုတ်မပေးရသေးသည့် လုပ်ခကျန်ငွေများအား အသီးသီးခံစားစေရန် နေ့တွက်(၄၀၀၀ိ/-)ကျပ်နှုန်းဖြင့် ထုတ်ပေးရန် ကုမ္ပဏီတွင် တာဝန်ရှိကြောင်းတွေ့ရသည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ အပိုဒ် ၂၃၊ အပိုဒ်ခွဲ (င)အရ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ကာ အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည်။ အောက်ပါလုပ်သား(၂)ဦးအား ယှဉ်တွဲဖော်ပြပါဇယားအရ အလုပ်ထုတ်နစ်နာကြေးနှင့် လုပ်အားခကျန်ငွေ ပေးရန်ဆုံးဖြတ်သည်။

| စဉ် | အမည် | အလုပ်ထုတ်နစ်နာကြေး | လုပ်ခကျန်ငွေ | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | နောင်နောင်ဦး | ၁၀၄၀၀၀ိ/- | ၁၆၀၀၀ိ/- | ၁၂၀၀၀၀ိ/- |
| ၂။ | သူရိန်ဝင်းသော် | ၁၀၄၀၀၀ိ/- | ၂၀၀၀၀ိ/- | ၁၂၄၀၀၀ိ/- |

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၆။ တောင်းဆိုသူများအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက် ပေါင်း ၃၀ အတွင်းပေးရမည်။

ဦးရဲနိုင်ဝင်း | ဦးစိုးညွန့် | ဦးသန်းမောင်
အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင်